စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့်
# ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ
# အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ )

ရက်စွဲ ၊ ၂၉-၃-၂၀၂၂

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅။ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၆။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၈ |
| ၇။ | ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၁၁ |
| ၈။ | ရေထွက်ပစ္စည်းတင်ပို့မှုအခြေအနေ | ၁၂ |
| ၉။ | (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက် | ၁၃ |
| ၁၀။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၄ |
| ၁၁။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၅ |
| ၁၂။ | နိဂုံး | ၁၇ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။


၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက် အလက်များ အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၁) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို (ဇယား-၁၊ ပုံ-၁) တွေ့ရှိရသည်။

**ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**
**၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (မတ်လ ၄ ရက်အထိ)**

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ယာယီ) | ၂၀၂၁-၂၀၂၂(Mini Budget) ၄-၃-၂၀၂၂ ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၁၃ | ၁၉၃၁.၁၁ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၈၁ | ၄.၄၃ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၀၈.၇၉ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၄၆.၁၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၁၂ | ၇၁.၀၃ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၂၄.၆၉ | ၃၈၂၈.၆ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၀၂.၅၈ |
| | စုစုပေါင်း | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၈၁.၀၉ | ၁၅၃၃၄.၄၄ | ၆၇၉၂.၇၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၁-၂၂ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယား များအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊ မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများ ပြုစုခြင်းတို့အတွက် အထောက်အကူ ပြုစေရန် ရည်ရွယ်ပါသည်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်


၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် (၂,၈၂၈.၁၀) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၃၄.၄၄) သန်းတွင် လယ်ယာထွက်ကုန်အနေဖြင့် (၄,၆၂၄.၁၃) သန်းရှိခဲ့သဖြင့် (ဇယား-၁)၊ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ကြောင်း (ဇယား-၂၊ ပုံ-၂) အရသိရသည်။

## ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ (၄-၃-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၀% | ၁၄% | ၁၉% | ၂၀% | ၃၀% | ၂၈% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၇% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၄% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၆% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ၂၀၁၅-၁၆ မှ ၂၀၂၁-၂၂ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်

၅။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း နိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၅.၉၀) သန်း နှင့် လယ်ယာ ထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၀၃) သန်းတိုးတက် (ဇယား-၁) ရရှိခဲ့သည်။

၆။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ(၁) ရက် မှ မတ်လ(၄) ရက်ထိ စာရင်းများအရ ပြည်ပ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၆၇၉၂.၇၃) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁၉၃၁.၁၁) သန်းထိ (ဇယား-၁) ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုး တွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး ပါဝင်မှုအချိုးမှာ (၂၈)% ထိ တိုးတက်လာခဲ့သည်ကို (ဇယား-၂၊ ပုံ-၂) တွေ့ရှိရပါသည်။

၇။ အစီရင်ခံကာလအတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၁၉၃၁.၁၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ (၄.၄၃) သန်း၊ ရေထွက်ပစ္စည်း တင်ပို့မှုမှ ဒေါ်လာ (၄၀၈.၇၉) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်း ဒေါ်လာ(၂၃၄၄.၃၃) သန်း (ဇယား-၁) ရှိပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၃၅)% ထိရှိလာခဲ့သည်ကို (ဇယား-၂၊ ပုံ-၂) တွေ့ရှိရပါသည်။

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၈။ ယခင်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ(၁) ရက်မှ မတ်လ(၄) ရက်အထိ အမေရိကန်ဒေါ်လာ (၆၇၉၂.၇၃) သန်း ရှိရာ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၇၁၁၉.၈၃) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၃၂၇.၁၁) သန်း/ (၅) % ခန့် (ဇယား-၃) လျော့နည်းခဲ့ကြောင်း တွေ့ရသည်။

**ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ**

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၁-၂၀၂၂(၄-၃-၂၀၂၂) | | | ၂၀၂၀-၂၀၂၁(၄-၃-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၁၉၃၁.၁၁ | ၁၉၃၁.၁၁ | | ၂၄၈၀.၁၉၁ | ၂၄၈၀.၁၉၁ | | - ၅၄၉.၀၈၁ | - ၅၄၉.၀၈၁ | - ၂၂% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၄.၄၂၇ | ၄.၄၂၇ | | ၁၅.၉၃၄ | ၁၅.၉၃၄ | | - ၁၁.၅၀၇ | - ၁၁.၅၀၇ | - ၇၂% |
| ၃ | ရေထွက်ပစ္စည်း | | ၄၀၈.၇၉၇ | ၄၀၈.၇၉၇ | | ၃၇၆.၅၅၃ | ၃၇၆.၅၅၃ | | ၃၂.၂၄၄ | ၃၂.၂၄၄ | ၉% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | | ၂၄၆.၁၈၄ | ၂၄၆.၁၈၄ | ၂၆.၈၂၂ | ၄၄၁.၆၄၃ | ၄၆၈.၄၆၅ | -၂၆.၈၂၂ | - ၁၉၅.၄၅၉ | - ၂၂၂.၂၈၁ | - ၄၇% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၆၆၄ | ၆၉.၃၆၅ | ၇၁.၀၂၉ | ၁.၁၁၁ | ၅၅.၇၆၇ | ၅၆.၈၇၈ | ၀.၅၅၃ | ၁၃.၅၉၈ | ၁၄.၁၅၁ | ၂၅% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၃၂၈.၀၉၄ | ၂၅၀၀.၅၀၂ | ၃၈၂၈.၅၉၆ | ၁၄၃၅.၃၆၁ | ၂၀၉၃.၉၇၁ | ၃၅၂၉.၃၃၂ | -၁၀၇.၂၆၇ | ၄၀၆.၅၃၁ | ၂၉၉.၂၆၄ | ၈% |
| ၇ | အခြား | ၄၀.၀၀၆ | ၂၆၂.၅၇၈ | ၃၀၂.၅၈၄ | ၂၇.၈၉၉ | ၁၆၄.၅၈၁ | ၁၉၂.၄၈ | ၁၂.၁၀၇ | ၉၇.၉၉၇ | ၁၁၀.၁၀၄ | ၅၇% |
| | စုစုပေါင်း | ၁၃၆၉.၇၆၄ | ၅၄၂၂.၉၆၃ | ၆၇၉၂.၇၂၇ | ၁၄၉၁.၁၉၃ | ၅၆၂၈.၆၄ | ၇၁၁၉.၈၃၃ | -၁၂၁.၄၂၉ | -၂၀၅.၆၇၇ | - ၃၂၇.၁၀၆ | - ၅% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**၉။** လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ လျော့နည်းကျဆင်းခဲ့ရာ လယ်ယာထွက်ပို့ကုန်အနေဖြင့် ဒေါ်လာ (၁၉၃၁.၁၁) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလ တွင် ဒေါ်လာ (၂၄၈၀.၁၉) သန်းရှိခဲ့သဖြင့် ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၅၄၉.၀၈) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၄.၄၃) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၅.၉၃) သန်းဖြစ်၍ ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၁၁.၅၁)သန်းစီ အသီးသီးလျော့နည်းခဲ့ပြီး ရေထွက်ပစ္စည်းတင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၄၀၈.၇၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၃၇၆.၅၅) သန်းဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၃၂.၂၄)သန်း တိုးမြင့်ခဲ့ကြောင်း ဖော်ပြပါ (ဇယား - ၃) အရသိရှိရပါသည်။


၁၀။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင်နှုန်း အနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၂၈%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၅%) ရှိခဲ့သည့် အတွက် ပါဝင်မှု% အနေဖြင့်(၇)% နှင့် တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၁%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၂%) ရှိခဲ့သည့် အတွက်ပါဝင်မှု% အနေဖြင့်(၀.၁)% လျော့ကျခဲ့သည်ကို (ဇယား ၄၊ ပုံ-၃ နှင့် ပုံ-၄) တွေ့ရှိရသည်။

**ဇယား (၄) - ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**

ဒေါ်လာသန်း

| ခုနှစ် | လယ်ယာထွက်ပစ္စည်း | တိရစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | စုစုပေါင်း | လယ်ယာထွက်ပစ္စည်း % | လယ်ယာကဏ္ဍပေါင်းစုံ % |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၁-၂၂ (Mini Budget) (၄-၃-၂၀၂၂) | ၁၉၃၁.၁၁ | ၄.၄၃ | ၄၀၈.၈ | ၂၄၆.၁၈ | ၇၁.၀၃ | ၃၈၂၈.၆ | ၃၀၂.၅၈ | ၆၇၉၂.၇၃ | ၂၈% | ၃၄.၅% |
| ၂၀၂၀-၂၁ (၄-၃-၂၀၂၁) | ၂၄၈၀.၁၉ | ၁၅.၉၃ | ၃၇၆.၅၅ | ၄၆၈.၄၇ | ၅၆.၈၈ | ၃၅၂၉.၃၃ | ၁၉၂.၄၈ | ၇၁၁၉.၈၃ | ၃၅% | ၄၀.၃% |
| တိုး(+)/ လျော့(-) | - ၅၄၉.၀၈ | - ၁၁.၅၁ | ၃၂.၂၄ | - ၂၂၂.၂၈ | ၁၄.၁၅ | ၂၉၉.၂၆ | ၁၁၀.၁ | - ၃၂၇.၁၁ | - ၆% | - ၅.၈% |


ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)





ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၁၁။ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၁၀-၂၀၂၁ မှ ၄-၃-၂၀၂၂) ရက်ထိ ဒေါ်လာ(၂၃၄၄.၃၃) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂၈၇၂.၆၈) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂၈.၃၄) သန်းခန့် လျော့နည်းတင်ပို့ခဲ့ပြီး၊ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၃၄.၅)% ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၄၀.၃%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၆)% ခန့် လျော့နည်းခဲ့သည်ကို (ဇယား-၄) တွေ့ရှိရသည်။




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၀၂၁-၂၂ (၄-၃-၂၀၂၂) ထိ

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၀၂၀-၂၁(၄-၃-၂၀၂၁) ထိ

ပုံ (၄)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ်ပြဂရပ်

# လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၂။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ (၃၉၂.၄၁) သန်း၊ ပဲတင်ပို့မှုမှ ဒေါ်လာ (၆၀၈.၉၁) သန်း၊ ပြောင်းတင်ပို့မှုမှ ဒေါ်လာ (၂၉၄.၉၄) သန်း၊ နှမ်းတင်ပို့မှုမှ ဒေါ်လာ (၁၇၈.၀၄) သန်း နှင့် ရာဘာတင်ပို့မှုမှ ဒေါ်လာ (၂၂၆.၆၂) သန်း အသီးသီးရရှိထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ ဒေါ်လာ (၂၃၀.၁၉) သန်း ရရှိထားကြောင်း (ဇယား-၅၊ ပုံ-၅) သိရှိရသည်။

**ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား**

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈(Mini) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှစက်) | ၂၀၁၉-၂၀ (အောက်မှစက်) | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ (၄-၃-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | **ဆန်၊ဆန်ကွဲ** | ၅၅၃.၉၆၂ | ၁,၁၄၂.၃၉၈ | ၃၉၀.၉၀၈ | ၇၀၉.၆၉၂ | ၇၉၄.၃၈၇ | ၇၀၀.၁၃ | ၃၉၂.၄၀၉ |
| ၂ | **ပဲအမျိုးမျိုး** | ၁,၃၉၈.၉၀၅ | ၈၈၆.၇၂ | ၃၉၇.၆၀၅ | ၁,၀၂၆.၃၀၆ | ၁,၁၉၅.၈၀၇ | ၁,၅၇၀.၇၃ | ၆၀၈.၉၁ |
| ၃ | **ပြောင်း** | ၂၅၂.၅၉ | ၂၉၄.၅၀၁ | ၈၄.၃၇၁ | ၂၇၇.၀၈ | ၃၆၈.၃၇၁ | ၅၃၆.၃၄ | ၂၉၄.၉၄ |
| ၄ | **နှမ်း** | ၁၄၅.၆၉၄ | ၁၄၇.၀၆၃ | ၃၆.၄၄၃ | ၁၉၃.၆၂၃ | ၂၇၉.၃၈၈ | ၃၃၈.၉၈ | ၁၇၈.၀၄ |
| ၅ | **ရာဘာ** | ၁၉၇.၃၅၇ | ၁၉၃.၇၄၅ | ၈၈.၃၅၈ | ၂၅၇.၇၅၂ | ၂၆၄.၄၄၂ | ၄၃.၇၆ | ၂၂၆.၆၀၇ |
| ၆ | **အခြား** | ၃၇၉.၅၉၃ | ၄၂၂.၆၉၆ | ၂၈၀.၀၇၄ | ၇၉၇.၁၃၉ | ၈၂၃.၃၀၄ | ၁,၄၃၄.၁၉ | ၂၃၀.၁၉၀ |
| | **စုစုပေါင်း** | **၂,၉၂၈.၁၀၀** | **၃,၀၈၇.၁၂၃** | **၁,၂၇၈.၇၅၉** | **၃,၂၆၀.၅၉၀** | **၃,၇၂၅.၆၉၈** | **၄,၆၂၄.၁၃** | **၁,၉၃၁.၁၁** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

**ပုံ (၅) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်**

# လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၃။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၁) မှ (၄-၃-၂၀၂၂) ထိ အဓိကလယ်ယာထွက်ကုန်အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၁၈%)တိုးတက်ခဲ့သော်လည်း တန်ဖိုးအနေဖြင့် (၀.၁%)လျော့နည်းခဲ့သည်။ ပြောင်း အနေဖြင့် တန်ချိန် (၉%) နှင့် တန်ဖိုး(၁၄%) တိုးတက်ခဲ့သည်ကိုတွေ့ရသည်။ နှမ်းအနေဖြင့် တန်ချိန် (၃၁%) နှင့် တန်ဖိုး (၃၅%)၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၃%) နှင့် တန်ဖိုး (၇%) နှင့် ပဲအမျိုးမျိုးတွင် တန်ဖိုး (၆%) အသီးသီးလျော့နည်းခဲ့ပြီး တန်ချိန်အားဖြင့် (၁%) တိုးမြင့်ခဲ့ကြောင်း တစ်ဖက်ဖော်ပြပါ အချက်အလက်များအရ (ဇယား-၆၊ ပုံ-၆ နှင့် ပုံ-၇) သိရှိရသည်။


**ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား**

**ဒေါ်လာသန်း**

| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ(၄-၃-၂၀၂၂ ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၂,၃၄၄.၃၃ | ၂,၈၇၂.၆၇ | - ၅၂၈.၃၄ | -၁၈% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁,၉၃၁.၁၁ | ၂,၄၈၀.၁၉၁ | - ၅၄၉.၀၈ | -၂၂% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၃၉၂.၄၀၉ | ၃၉၁.၉၉၂ | ၀.၄၂ | ၀.၁% |
| | | တန်ချိန် | ၁ ၂၂၂,၁၅၄.၉၀၆ | ၁,၀၃၆,၂၀၁.၉၆၈ | ၁၈၅,၉၅၂.၉၄ | ၁၈% |
| | (က) ဆန် | US$ | ၂၆၅.၅၆၆ | ၂၄၂.၉၈၄ | ၂၂.၅၈ | ၉% |
| | | တန်ချိန် | ၈၀၂,၄၆၃.၄၀၆ | ၆၀၄,၀၂၉.၀၆၈ | ၁၉၈,၄၃၄.၃၄ | ၃၃% |
| | (ခ) ဆန်ကွဲ | US$ | ၁၂၆.၈၄၃ | ၁၄၉.၀၀၈ | - ၂၂.၁၇ | -၁၅% |
| | | တန်ချိန် | ၄၁၉,၆၉၁.၅ | ၄၃၂,၁၇၂.၉ | - ၁၂,၄၈၁.၄၀ | -၃% |
| ၂ | ပဲအမျိုးမျိုး | US$ | ၆၀၈.၉၀၇ | ၆၅၀.၄၇ | - ၄၁.၅၆ | -၆% |
| | | တန်ချိန် | ၇၈၃,၀၅၁.၈၀၂ | ၇၇၂,၂၁၄.၀၉၁ | ၁၀,၈၃၇.၇၁ | ၁% |
| ၃ | ပြောင်း | US$ | ၂၉၄.၉၄၄ | ၂၅၉.၃၀၉ | ၃၅.၆၄ | ၁၄% |
| | | တန်ချိန် | ၁,၂၇၇,၁၅၃.၆၅၄ | ၁,၄၀၀,၈၈၈.၂၂ | - ၁၂၃,၇၃၄.၅၇ | -၉% |
| ၄ | နှမ်း | US$ | ၁၇၈.၀၄၂ | ၂၇၃.၄၃၈ | - ၉၅.၄၀ | -၃၅% |
| | | တန်ချိန် | ၁၃၈,၁၁၉.၈၂၅ | ၂၀၁,၃၉၂.၄၉၂ | - ၆၃,၂၇၂.၆၇ | -၃၁% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၂၆.၆၁၇ | ၂၄၂.၇၄၉ | - ၁၆.၁၃ | -၇% |
| | | တန်ချိန် | ၁၅၂,၅၂၆.၅၇ | ၁၅၇,၆၇၄.၃၇၉ | - ၅,၁၄၇.၈၁ | -၃% |
| ၆ | အခြားသီးနှံ | US$ | ၂၃၀.၁၉ | ၆၆၂.၂၃ | - ၄၃၂.၀၄ | -၆၅% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၄.၄၃ | ၁၅.၉၃ | - ၁၁.၅၀ | -၇၂% |
| ရေထွက်ပစ္စည်း | | US$ | ၄၀၈.၇၉ | ၃၇၆.၅၅၃ | ၃၂.၂၃၇ | ၉% |


ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာ)

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊ DOP, MOALI




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် မတ်ပဲမှာ တန်ချိန် (၂၉၇,၀၇၇.၂၆)၊ တန်ဖိုးဒေါ်လာ (၂၃၅.၇၀၄) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ပဲတီစိမ်းမှာ တန်ချိန် (၂၅၇,၈၀၇.၆၆)၊ တန်ဖိုးဒေါ်လာ (၂၀၂.၆၁) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါ သည်။ ပဲစဉ်းငုံမှာ တန်ချိန် (၉၀,၆၃၆.၅၉)ဖြင့် တန်ဖိုးအားဖြင့် တန်ဖိုးဒေါ်လာ (၆၀.၀၇) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ မြေပဲဆန်တင်ပို့မှုမှာ တန်ချိန် (၄၄,၈၆၁.၉၅) နှင့် တန်ဖိုး ဒေါ်လာ (၄၂.၉၈)သန်း ဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို (ဇယား–၇) တွေ့ရသည်။


၁၅။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁–၁၀–၂၀၂၁) မှ (၄–၃–၂၀၂၂) ထိ မတ်ပဲတန်ချိန်(၅၂%) ၊တန်ဖိုး (၄၀%) နှင့် ပဲတီစိမ်း တန်ချိန် (၁၈%)နှင့် တန်ဖိုး (၁၀%)တိုးမြင့် တင်ပို့နိုင်ခဲ့ပြီး ၊ ပဲစဉ်းငုံ တန်ချိန် (၄%) နှင့် တန်ဖိုး (၇%)၊ မြေပဲဆန် တန်ချိန် (၆၂%) နှင့် တန်ဖိုး (၇၀%) စီ အသီးသီး လျော့နည်းခဲ့ကြောင်း (ဇယား–၇၊ ပုံ–၈နှင့် ပုံ–၉) ဖော်ပြပါအချက်အ လက်များအရ သိရှိရသည်။

# ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ မတ်လ ၄ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၁၅၇၀.၇၃ | ၆၀၈.၉၀၇ | ၆၅၀.၄၇ | -၄၁.၅၆ | -၆% |
| | | တန်ချိန် | ၂,၀၂၉,၂၅၁.၈၈ | ၇၈၃,၀၅၁.၈၀၂ | ၇၇၂,၂၁၄.၀၉၁ | ၁၀,၈၃၇.၇၁ | ၁% |
| ၁ | မတ်ပဲ | US$ | ၅၂၆.၇၁ | ၂၃၅.၇၀၄ | ၁၆၈.၅၁၉ | ၆၇.၁၉ | ၄၀% |
| | | တန်ချိန် | ၆၇၇,၅၂၆.၄၂ | ၂၉၇,၀၇၇.၂၆၃ | ၁၉၆,၀၇၂.၃၅၉ | ၁၀၁,၀၀၄.၉၀ | ၅၂% |
| ၂ | ပဲတီစိမ်း | US$ | ၅၂၅.၄၀ | ၂၀၂.၆၀၇ | ၁၈၄.၃၇၄ | ၁၈.၂၃ | ၁၀% |
| | | တန်ချိန် | ၆၇၃,၁၁၀.၈၈ | ၂၅၇,၈၀၇.၆၆၄ | ၂၁၈,၈၆၁.၅၅၃ | ၃၈,၉၄၆.၁၁ | ၁၈% |
| ၃ | ပဲစင်းငုံ | US$ | ၁၄၄.၁၀ | ၆၀.၀၆၆ | ၆၄.၆၄၄ | -၄.၅၈ | -၇% |
| | | တန်ချိန် | ၂၁၄,၀၉၁.၆၃ | ၉၀,၆၃၆.၅၈၉ | ၉၄,၆၇၈.၄၇၃ | -၄,၀၄၁.၈၈ | -၄% |
| ၄ | ကုလားပဲ | US$ | ၁၅.၉၈ | ၁.၄၀၄ | ၃.၁၇၈ | -၁.၇၇ | -၅၆% |
| | | တန်ချိန် | ၂၇,၂၁၂.၇၉ | ၂,၀၇၄.၂၁၅ | ၅,၃၂၇.၂၂၄ | -၃,၂၅၃.၀၁ | -၆၁% |
| ၅ | ပဲလွန်းပြာ | US$ | ၂၈.၃၄ | ၁၂.၃၅၈ | ၁၂.၇၄၃ | -၀.၃၉ | -၃% |
| | | တန်ချိန် | ၄၉,၉၆၂.၅၅ | ၁၆,၃၇၄.၀၂၉ | ၂၆,၅၉၉.၁၅၄ | -၁၀,၂၂၅.၁၃ | -၃၈% |
| ၆ | မြေထောက်ပဲ | US$ | ၃၈.၀၃ | ၁၇.၃၇၉ | ၁၄.၅၁၇ | ၂.၈၆ | ၂၀% |
| | | တန်ချိန် | ၅၃,၈၆၃.၃၅ | ၂၂,၅၇၉.၈၇၁ | ၂၀,၆၁၅.၀၇၄ | ၁,၉၆၄.၈၀ | ၁၀% |
| ၇ | ထောပတ်ပဲ | US$ | ၂၅.၆၈ | ၂.၆၆ | ၁၃.၄၄၁ | -၁၀.၇၈ | -၈၀% |
| | | တန်ချိန် | ၄၅,၂၂၅.၅၆ | ၄,၁၀၄.၆၂ | ၂၂,၈၂၆.၂၂၉ | -၁၈,၇၂၁.၆၁ | -၈၂% |
| ၈ | ပဲယင်း | US$ | ၃၃.၄၂ | ၁၉.၅၄၅ | ၁၀.၉၉၆ | ၈.၅၅ | ၇၈% |
| | | တန်ချိန် | ၆၁,၈၉၃.၀၉ | ၂၇,၆၈၂.၀၉၂ | ၂၀,၈၄၆.၆၉၁ | ၆,၈၃၅.၄၀ | ၃၃% |
| ၉ | ပဲကြီး | US$ | ၁၁.၆၁ | ၀.၄၇၄ | ၉.၇၂၁ | -၉.၂၅ | -၉၅% |
| | | တန်ချိန် | ၁၉,၄၂၂.၂၁ | ၇၄၉.၇၄၃ | ၁၆,၁၈၈.၂၇ | -၁၅,၄၃၈.၅၃ | -၉၅% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁.၈၅ | ၀.၈၈၇ | ၇.၈၅၃ | -၆.၉၇ | -၈၉% |
| | | တန်ချိန် | ၁၈,၅၅၆.၁၃ | ၁,၄၁၉.၆၅၉ | ၁၂,၁၃၁.၈၈ | -၁၀,၇၁၂.၂၂ | -၈၈% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၄.၂၇ | ၈.၄၄၉ | ၀.၃၇၂ | ၈.၀၈ | ၂၁၇၁% |
| | | တန်ချိန် | ၅,၁၆၉.၅၄ | ၁၁,၄၇၂.၆၄၅ | ၅၂၂.၃၃၈ | ၁၀,၉၅၀.၃၁ | ၂,၀၉၆% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၃.၆၅ | ၀.၂၉၈ | ၁.၀၄၂ | -၀.၇၄ | -၇၁% |
| | | တန်ချိန် | ၆,၁၇၆.၁၆ | ၄၁၁.၀၀ | ၁,၉၇၇.၈၆၃ | -၁,၅၆၆.၈၆ | -၇၉% |
| ၁၃ | ပဲနီကြား | US$ | ၄.၅၂ | ၀.၀၇၈ | ၂.၂၈၃ | -၂.၂၁ | -၉၇% |
| | | တန်ချိန် | ၉,၉၆၆.၅၀ | ၁၉၅. | ၄,၈၆၂.၂၅ | -၄,၆၆၇.၂၅ | -၉၆% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၂.၄၂ | ၀.၁၈၂ | ၁.၃၆၃ | -၁.၁၈ | -၈၇% |
| | | တန်ချိန် | ၃,၃၄၅.၈၃ | ၂,၁၆.၅ | ၂,၀၇၅.၃ | -၁,၈၅၈.၈၀ | -၉၀% |
| ၁၅ | မြေပဲဆံ | US$ | ၁၈၈.၁၈ | ၄၂.၉၇၅ | ၁၄၅.၆၁၄ | -၁၀၂.၆၄ | -၇၀% |
| | | တန်ချိန် | ၁၅၈,၂၄၈.၇၁ | ၄၄,၈၆၁.၉၄၅ | ၁၁၇,၀၄၆.၉၃ | -၇၂,၁၈၄.၉၉ | -၆၂% |
| ၁၆ | အခြားပဲ | US$ | ၆.၅၆ | ၃.၈၄၁ | ၉.၈၁ | -၅.၉၇ | -၆၁% |
| | | တန်ချိန် | ၅,၄၈၀.၅၃ | ၅,၃၈၈.၉၆၇ | ၁၁,၅၈၂.၅၀၄ | -၆,၁၉၃.၅၄ | -၅၃% |

**ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

၁၆။ ဆီထွက်သီးနှံဖြစ်သော မြေပဲဆံနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၄၄,၈၆၁.၉၅)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၄၂.၉၇၅)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၁၁၇,၀၄၆.၉၃)၊ တန်ဖိုး ဒေါ်လာ (၁၄၅.၆၁၄) သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၇၂,၁၈၄.၉၈၅)နှင့် တန်ဖိုး ဒေါ်လာ (၁၀၂.၆၃၉) သန်း လျော့နည်းခဲ့ကြောင်း (ဇယား–၇) တွေ့ရသည်။

**နှမ်း**တင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် (၁၃၈,၁၁၉.၈၂၅)နှင့် တန်ဖိုး ဒေါ်လာ (၁၇၈.၀၄၂) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၂၀၁,၃၉၂.၄၉၂)နှင့် တန်ဖိုး ဒေါ်လာ (၂၇၃.၄၃၈) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၆၃,၂၇၂.၆၆၇) နှင့် တန်ဖိုး ဒေါ်လာ(၉၅.၃၉၆)သန်း လျော့နည်းခဲ့ကြောင်း (ဇယား–၆) တွေ့ရသည်။

## ဇယား (၈) – ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုအခြေအနေ

တန်ချိန်-မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး- အမေရိကန်ဒေါ်လာ

| စဉ် | အကြောင်းအရာ | ၂၀၂၁-၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | ၁၀,၅၉၇.၂၈ | ၁၅. ၇၅၉ | ၇၅၃.၅ | ၂.၈၂ | ၇,၆၄၉.၇၉ | ၁၈.၆ | ၁၉,၀၀၀.၅၇ | ၃၇.၁၇၅ |
| | (က) ပုဂ္ဂလိကကုမ္ပဏီများ | ၁၀,၅၉၇.၂၈ | ၁၅.၇၅၉ | ၇၅၃.၄၉၉ | ၂.၈၁၇ | ၇,၆၄၉.၇၉၁ | ၁၈.၅၉၉ | ၁၉,၀၀၀.၅၇ | ၃၇.၁၇၅ |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | ၂၈,၃၂၂.၂၀ | ၂၄.၁၂ | ၃၂၃.၃၈ | ၁.၃၉ | ၇,၉၁၇.၅၆ | ၁၂.၂၉ | ၃၆,၅၆၃.၁၄ | ၃၇.၇၉၉ |
| | (က) မြဝတီ | ၄၁၃.၀၅ | ၀.၅၃၈ | ၆.၂ | ၀.၀၇၄ | ၁,၀၉၅.၄၄၇ | ၁.၄၉၂ | ၁,၅၁၄.၆၆ | ၂.၁၀၄ |
| | (ခ)ကော့သောင်း | ၂၅,၆၂၉.၇၈၄ | ၂၀.၉၈၇ | ၃၁၀.၄၇၈ | ၁.၂၇၂ | ၂,၀၁၅.၆၉ | ၄.၉၁၇ | ၂၇,၉၅၅.၉၅ | ၂၇.၁၇၆ |
| | (ဂ)စစ်တွေ | ၆၄၁.၁၂ | ၀.၇၈၃ | | | | | ၆၄၁.၁၂ | ၀.၇၈၃ |
| | (ဃ)မြိတ် | ၁၇၆.၀၃၅ | ၀.၂၀၉ | ၅.၈၅ | ၀.၀၃၅ | ၃,၅၉၄.၅၂၅ | ၃.၉၉၇ | ၃,၇၇၆.၄၁ | ၄.၂၄၁ |
| | (င)မူဆယ် | | | | | | | ၀. | ၀.၀၀၀ |
| | (စ)မောင်တော | ၉၈၈.၈ | ၁.၂ | | | ၃၄၇.၂ | ၀.၃၂၆ | ၁၃၃၆. | ၁.၅၂၆ |
| | (ဆ)တမူး | | | | | | | ၀. | ၀.၀၀၀ |
| | (ဇ)ချင်းရွှေဟော် | | | | | | | ၀. | ၀.၀၀၀ |
| | (ဈ)ထီးခီး | ၃၁ | ၀.၀၃၉ | | | ၂၇၇.၉ | ၀.၄၃၅ | ၃၀၈.၈၂ | ၀.၄၇၄ |
| | (ည)ရိ(ဒ်) | | | | | | | ၀. | ၀.၀၀၀ |
| | (ဋ)မောတောင် | ၄၄၂.၅၂ | ၀.၃၆၅ | ၀.၈၈၄ | ၀.၀၀၄ | ၅၈၆.၇၇၅ | ၁.၁၂၆ | ၁၀၃၀.၁၈ | ၁.၄၉၅ |
| | **စုစုပေါင်း** | **၃၈,၉၁၉.၄၈၄** | **၃၉.၈၈၀** | **၁,၀၇၆.၈၈၁** | **၄.၂၀၂** | **၁၅,၅၆၇.၃၄၈** | **၃၀.၈၉၂** | **၅၅,၅၆၃.၇၁** | **၇၄.၉၇၄** |


ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## ရေထွက်ပစ္စည်းတင်ပို့မှုအခြေအနေ

၁၇။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရရှိသော ကိန်းဂဏန်းများအရ ၂၀၂၁-၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ ရောင်းချမှုမှရရှိသည့်စုစုပေါင်းဝင်ငွေမှာ လေ့လာပါက ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ငါး တန်ချိန် (၃၈,၉၁၉.၄၈၄)တန် ၊တန်ဖိုးအမေရိကန်ဒေါ်လာ (၃၉.၈၈၀)သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၀၇၆.၈၈၁)


တန်၊ တန်ဖိုး ဒေါ်လာ (၄.၂၀၂)သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၅,၅၆၇.၃၄၈)တန်၊ တန်ဖိုး ဒေါ်လာ (၃၀.၈၉၂)သန်း ရရှိခဲ့သည်ကို (ဇယား-၈၊ ပုံ-၉၊ ပုံ-၁၀) အရ သိရှိရပါသည်။

ယခင်နှစ်အလားတူကာလတွင် ငါး တန်ချိန် (၃၃,၅၇၂.၅၀၉) တန်နှင့် တန်ဖိုး ဒေါ်လာ (၂၇.၆၇၇)၊ ပုစွန်မှာ တန်ချိန် (၄၃၄.၂၁၁)တန် နှင့် တန်ဖိုး ဒေါ်လာ (၁.၃၁၂) နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၂,၅၂၆.၁၂၇)တန်၊ တန်ဖိုး ဒေါ်လာ (၂၀.၇၂၄)သန်း ရရှိခဲ့သဖြင့် ငါး တန်ချိန် (၅၃၄၆.၉၇၅)တန် နှင့် တန်ဖိုး ဒေါ်လာ (၁၂.၂၀၃) ၊ ပုစွန်မှာ တန်ချိန် (၆၄၂.၅၇)တန် နှင့် တန်ဖိုး ဒေါ်လာ (၂.၈၉) တန်ဖိုး နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၃,၀၄၁.၂၁၁)တန် တိုးမြင့်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး ဒေါ်လာ ( ၂၀.၇၂၄ )သန်း လျော့နည်းခဲ့ကြောင်း (ဇယား-၈၊ ပုံ-၉၊ ပုံ-၁၀) အရ သိရှိရပါသည်။




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၉)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ် (၂၀၂၁-၂၀၂၂)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁၀)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ် (၂၀၂၁-၂၀၂၂)

## ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ

### (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက်

၁၈။ ပြီးခဲ့သည့် (၅)**နှစ်တာကာလအတွင်း** မြန်မာနိုင်ငံ၏ **ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၁ ဘဏ္ဍာနှစ်(ယာယီ)တွင် (၁၄,၆၇၇.၆၆) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၃၃.၄၀) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း(ဇယား-၈)အရ သိရသည်။

## ဇယား (၈) – ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား ၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (မတ်လ ၄ ရက်အထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ဘဏ္ဍာ) | ၂၀၂၁-၂၀၂၂ (၁-၁၀-၂၀၂၁) မှ (၄-၃-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၇၁၈.၀၂ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၆၇ | ၁၂၃၇.၂၄၄ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၄၀၇၁.၅၇ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၇ | ၂၈၈၈.၉၁၃ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၂၄၅.၄၇ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၃.၁၂ | ၁၄၅၁.၇၅ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | - | ၁၀၀၀.၅၃၉ |
| | စုစုပေါင်း | ၉၀၃၅.၀၆၃ | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၇၇.၆၆ | ၆၅၇၈.၄၄၆ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၁၉။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ မတ်လ (၄)ရက်ထိ ဒေါ်လာ (၆,၅၇၈.၄၅) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာသန်း (၆,၈၂၅.၆၃) ရှိခဲ့သဖြင့် ဒေါ်လာသန်း (၂၄၇.၁၉ )၊ (၃.၆%) (ဇယား-၉) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။

### ဇယား (၉) – ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၁-၂၀၂၂(Mini Budget) (၄-၃-၂၀၂၂)ထိ | | | ၂၀၂၀-၂၀၂၁ (၄-၃-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၇၅.၉၃၂ | ၁၁၆၁.၃၁၂ | ၁၂၃၇.၂၄၄ | ၅၁၅.၄၈၄ | ၁၉၈၃.၀၇၂ | ၂၄၉၈.၅၅၆ | - ၄၃၉.၅၅၂ | - ၈၂၁.၇၆ | -၁၂၆၁.၃၁၂ | -၅၀% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၁.၉၈၅ | ၂၈၄၆.၉၂၈ | ၂၈၈၈.၉၁၃ | ၃၂.၃၆၉ | ၂၁၃၁.၂၁၄ | ၂၁၆၃.၅၈၃ | ၉.၆၁၆ | ၇၁၅.၇၁၄ | ၇၂၅.၃၃ | ၃၄% |
| ၃ | လူသုံးကုန်ပစ္စည်း | ၈.၉၆ | ၁၄၄၂.၇၉ | ၁၄၅၁.၇၅ | ၁၄.၃၁၆ | ၁၃၇၈.၅၅၆ | ၁၃၉၂.၈၇၂ | -၅.၃၅၆ | ၆၄.၂၃၄ | ၅၈.၈၇၈ | ၄% |
| ၄ | CMP | | ၁၀၀၀.၅၃၉ | ၁၀၀၀.၅၃၉ | | ၇၇၀.၆၂၃ | ၇၇၀.၆၂၃ | | ၂၂၉.၉၁၆ | ၂၂၉.၉၁၆ | ၃၀% |
| | စုစုပေါင်း | ၁၂၆.၈၇၇ | ၆၄၅၁.၅၆၉ | ၆၅၇၈.၄၄၆ | ၅၆၂.၁၆၉ | ၆၂၆၃.၄၆၅ | ၆၈၂၅.၆၃၄ | - ၄၃၅.၂၉၂ | ၁၈၈.၁၀၄ | -၂၄၇.၁၈၈ | -၄% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၀။ ကုန်စည်အုပ်စုလိုက်တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂၈၈၈.၉၁၃) သန်းဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁၄၅၁.၇၅) သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်

အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာသန်း (၂၉၈.၅၅၆) ဖြင့် အများဆုံး၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှု ဒေါ်လာသန်း(၂၆၃.၅၈၃) ဖြင့် ဒုတိယအများဆုံး (ဇယား-၉) တင်သွင်းခဲ့သည်ကို တွေ့ရသည်။

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၁။ အဓိကကုန်သွင်းကုန် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီ တန်ချိန် (၂၅၄,၇၃၆)၊ တန်ဖိုးဒေါ်လာ (၃၄၁.၀၃၆) သန်း၊ ဓာတ်မြေဩဇာတန်ချိန် (၃၆၆,၂၃၄)၊ တန်ဖိုး ဒေါ်လာ (၁၈၃.၃၈၃) သန်း၊ ဂျုံစေ့ တန်ချိန် (၁၅၂,၃၉၉)၊ တန်ဖိုး (၅၇.၃၃၆) သန်းနှင့် ဂျုံမှုန့် တန်ချိန် (၂၃၈၉)၊ တန်ဖိုး (၁.၁၀၁) သန်း ပါရှိခဲ့သည်ကို အောက်ဖော်ပြပါ (စာရင်းဇယား -၁၀)အရ သိရှိရပါသည်။

၂၂။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် စားအုန်းဆီမှာ ယခင်နှစ်ထက် တန်ချိန်(၉၈,၅၈၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၃၄.၃၂၄) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော ဂျုံမှုန့် မှာ တန်ချိန် (၃,၈၆၀)၊ တန်ဖိုး ဒေါ်လာ (၀.၉၂) သန်း လျော့နည်းခဲ့သည်။ ဂျုံစေ့မှာ တန်ချိန် (၃,၁၉၄)၊ တန်ဖိုး ဒေါ်လာ (၁၆.၅၃) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ ဓာတ်မြေဩဇာမှာတန်ချိန် (၂၂၉,၀၅၀)လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၃၇.၃၂) သန်း တိုးမြင့်ခဲ့သည်ကို (ဇယား -၁၀၊ ပုံ-၁၀နှင့် ပုံ-၁၁) တွေ့ရသည်။

**ဇယား (၁၀) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား**


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ မတ်လ ၄ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၂,၄၁၁.၅၂၉** | **၁,၈၇၉.၆၁၇** | **၅၃၁.၉၁၂** | **၂၈%** |
| ၁ | ဒီဇယ် | US$ | ၉၂၀.၀၈၈ | ၅၃၃.၄၁၃ | ၃၈၆.၆၇၅ | ၇၂% |
| | | တန် | ၁,၂၉၇,၄၂၀ | ၁,၃၄၆,၀၅၉ | - ၄၈,၆၄၀ | - ၄% |
| ၂ | ဓါတ်ဆီ | US$ | ၇၀၉.၅၇၈ | ၃၇၃.၆၄၃ | ၃၃၅.၉၃၅ | ၉၀% |
| | | တန် | ၈၇၈,၄၉၁ | ၈၁၈,၇၄၀ | ၅၉,၇၅၁ | ၇% |
| ၃ | စားအုန်းဆီ | US$ | ၃၄၁.၀၃၆ | ၃၀၆.၇၁၂ | ၃၄.၃၂၄ | ၁၁% |
| | | တန် | ၂၅၄,၇၃၆ | ၃၅၃,၃၂၁ | - ၉၈,၅၈၅ | - ၂၈% |

**အမေရိကန်ဒေါ်လာသန်း**


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ မတ်လ ၄ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၁၄၈.၉၇၂** | **၄၀၃.၉၅၃** | - ၂၅၄.၉၈၁ | - ၆၃% |
| | | **စီး** | **၄,၁၈၈** | **၁၆,၁၈၆** | - ၁၁,၉၉၈ | - ၇၄% |
| | လူစီးယာဉ် | US$ | ၄၈.၉၀၄ | ၁၂၆.၈၆၅ | - ၇၇.၉၆၁ | - ၆၁% |
| | | စီး | ၂,၂၈၈ | ၈,၁၁၁ | - ၅,၈၂၃ | - ၇၂% |
| | ဘတ်စ် | US$ | ၁.၃၈၆ | ၇.၉၉၄ | - ၆.၆၀၈ | - ၈၃% |
| | | စီး | ၉၇ | ၄၀၉ | - ၃၁၂ | - ၇၆% |
| | ထရပ် | US$ | ၈.၀၂၁ | ၄၀.၆၁၉ | - ၃၂.၅၉၈ | - ၈၀% |
| | | စီး | ၇၃၁ | ၃,၅၈၉ | - ၂,၈၅၈ | - ၈၀% |
| | ယန္တယား | US$ | ၆၉.၇၈၂ | ၁၇၅.၁၂၄ | - ၁၀၅.၃၄၂ | - ၆၀% |
| | | စီး | ၁,၀၇၂ | ၄,၀၇၇ | - ၃,၀၀၅ | - ၇၄% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၀.၈၈ | ၅၃.၃၅၁ | - ၃၂.၄၇၁ | - ၆၁% |
| ၅ | ဘိလပ်မြေ | US$ | ၁၃.၉၀၉ | ၃၃.၀၇ | - ၁၉.၁၆၁ | - ၅၈% |
| | | တန် | ၁၆၂,၄၁၄ | ၄၄၂,၇၅၅ | - ၂၈၀,၃၄၁ | - ၆၃% |
| ၆ | ခတ်မြေသြဇာ | US$ | ၁၈၃.၃၈၃ | ၁၄၆.၀၆၃ | ၃၇.၃၂ | ၂၆% |
| | | တန် | ၃၆၆,၂၃၄ | ၅၉၅,၂၈၄ | - ၂၂၉,၀၅၀ | - ၃၈% |
| ၇ | ဂျုံစေ့ | US$ | ၅၇.၃၃၆ | ၄၀.၈၀၂ | ၁၆.၅၃၄ | ၄၁% |
| | | တန် | ၁၅၂,၃၉၉ | ၁၄၉,၂၀၄ | ၃,၁၉၄ | ၂% |
| ၈ | ဂျုံမှုန့် | US$ | ၁.၁၀၁ | ၂.၀၂၃ | - ၀.၉၂၂ | - ၄၆% |
| | | တန် | ၂,၃၈၉ | ၆,၂၄၉ | - ၃,၈၆၀ | - ၆၂% |
| ၉ | နို့ဆီ | US$ | ၈.၄၇၁ | ၉.၈၃ | - ၁.၃၅၉ | - ၁၄% |
| | | တန် | ၆,၅၂၃ | ၈,၆၅၆ | - ၂,၁၃၃ | - ၂၅% |
| ၁၀ | နို့စိမ်း | US$ | ၁၀.၀၅ | ၁၄.၉၃၆ | - ၄.၈၈၆ | - ၃၃% |
| | | တန် | ၇,၅၁၁ | ၁၂,၂၇၈ | - ၄,၇၆၇ | - ၃၉% |
| ၁၁ | နို့မှုန့် | US$ | ၁၇.၆၀၅ | ၁၅.၁၇၂ | ၂.၄၃၃ | ၁၆% |
| | | တန် | ၄,၈၅၁ | ၆,၅၁၇ | - ၁,၆၆၆ | - ၂၆% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၁၀)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၁၁)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၂၃။ အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် (၆,၅၂၃)၊ တန်ဖိုးဒေါ်လာ (၈.၄၇၁) သန်း၊ နို့စိမ်းမှာ တန်ချိန် (၇,၅၁၁)၊ တန်ဖိုးဒေါ်လာ (၁၀.၀၅) သန်းနှင့် နို့မှုန့်မှာ တန်ချိန် (၄,၈၅၁)၊ တန်ဖိုးဒေါ်လာ (၁,၇.၆၁) သန်း စီပါရှိခဲ့ကြောင်း (ဇယား-၁၀)အရ သိရှိရပါသည်။

## နိဂုံး

၂၄။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု(လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံ တင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေနှင့် ရေထွက်ပစ္စည်းပြည်ပတင်ပို့ရောင်းချမှု အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**ဈေးကွက်သတင်းဌာနစိတ်**